# ပြန်လည် နိုးကြားလာခြင်း

By Nyx Martinez



တစ်နေ့တာ လုပ်ဆောင်ရမည့်အလုပ်များကို သမားရိုးကျ လုပ်ဆောင်ခဲ့ရသော နေ့များထဲမှ နေ့တစ်နေ့ဖြစ်ပါသည်။ ထွေထွေထူးထူး ဘာမျှ မရှိခဲ့သည်မှာ ညအချိန်ရောက်လာသည်အထိပင်ဖြစ်သည်။ ကျွန်ုပ်သည် ပျော်ရွှင်စွာဖြင့် ကျွန်တော်၏ နောက်ဆုံးအနုပညာလက်ရာပုံကြမ်းတစ်ခုကို ရေးဆွဲနေပါသည်။ တေးသွားတစ်ပုဒ်ကို ပါးစပ်ပိတ်၍ ညည်းဆိုရင်း ကမ္ဘာကြီးသည် နေထိုင်ရန်အတွက် နှစ်သက် ပျော်ရွှင်ဖွယ်ကောင်း သော နေရာဟု ခံစားနေမိပါသည်။ ထို့အပြင် တစ်ချိန်တွင် ကျွန်ုပ် သည် ပျော်ရွှင်မြူးကြွစွာဖြင့် ကွန်ပြူတာရှိရာ မိမိရုံးခန်းအတွင်းသို့လာရာ Key-board က သူနှင့်ဆက်သွယ်ရန် ကျွန်ုပ်၏ လက်ချောင်းလေးများကို လက်ယပ်ခေါ်နေသလို ဖြစ်နေပါသည်။ ထို့နောက်မှာတော့ စိတ်ထိခိုက်စရာ သတင်းဝင်ရောက်လာခဲ့ပါသည်။ ကွန်ပြူတာသည် ပေါက်ကွဲ၍ ကျွန်တော်၏ ဖိုင်များလည်း လောင်ကျွမ်းသွားခဲ့ပါသည်။ ကွန်ပြူတာဖိုင်များ အဖျက်ခံရသည်။

စာများဖျက်ခံရသည်။ ပျောက်သွားသည်။

အမြဲတမ်း ထာဝရပင်။

ပထမ၌ ဤကဲ့သို့ အမှန်တကယ် ကပ်ဆိုးကြီး ကျရောက်သည့်အကြောင်းကို ကျွန်တော်၏ နွေးထွေးသော ကွန်ပြူတာဦးနှောက်က မှတ်တမ်းမပြုခဲ့၊ နောက်မှ သဘောပေါက်လာခဲ့ရာ မြေကြီးညှိနေသောမြေညှိစက်ကြီးက မိမိကို ဒေါသတကြီးဖြင့် ဝင်ဆောင့်လိုက်သလို ခံစားခဲ့ရသည်။ ကျွန်တော်၏ ဝမ်းဗိုက်အတွင်း၌ နှစ်ကြိမ်တိတိ မှောက်လှန်သကဲ့သို့ ခံစားရပြီး မျက်လုံးများလည်း ပြာသွားပါသည်။ ကျွန်တော်၏စိတ်၌ သောကတိမ်ရိပ်လွှမ်းလာပါသည်။ အခန်းကြီးလည်း စတင်ပတ်ချာလည်သလို ဖြစ်လာပါသည်။ လွန်ခဲ့သည့် (၆)လက ခက်ခဲစွာ လုပ်ဆောင်ခဲ့သည့် ကူးယူခြင်းများ၊ ဆောင်းပါးများ၊ ဂရပ်ဖစ်ဒီဇိုင်းများ၊ အဖိုးတန်သည့် စိတ်ခွန်အားရစရာများ အားလုံးကို ကွန်ပြူတာ Hard Drive ထဲတွင် လုံခြုံစေရန် သိမ်းထားခဲ့ရာမှ အားလုံးပျောက်ပျက်သွားပြီဖြစ်သည်။

စိတ်ပျက်စရာများ၊ ရှုပ်ထွေးမှုအဖြစ်ဆိုးနှင့် ဆုံးရှုံးမှု စသည်တို့ လွှမ်းခြုံထားခြင်းကို ကျွန်တော်ခံစားခဲ့ရလျက် မိမိအကြောက်ဆုံးအရာကို ထည့်သိုထားသည့် ဥက္ကာပျံအရွယ်အစား နှင်းဘောလုံးကြီးက ကောင်းကင်မှ ကျွန်တော်၏ အပေါ်သို့ ပြုတ်ကျလာသကဲ့သို့ ဖြစ်သွားပါသည်။ ဘာကြောင့်လဲ? အိုး. . . ဘာကြောင့်လဲ? မိမိအဘယ်ကြောင့် ကွန်ပြူတာထဲမှ အရာအားလုံးကို Floppy Disk ထဲသို့ မသွင်းထားခဲ့ပါသနည်း။ (သို့မဟုတ်) ဖိုင်များအား မိတ္တူကူးနည်းကို သင်ယူရန် အချိန်မယူခဲ့ပါသနည်း? ယခု ဖန်တီးထားသည့် အပိုင်းအစနှင့် အစိတ်အပိုင်းလေးများ ပျောက်ဆုံးကုန်ပြီး အိမ်နှင့်ဝေးရာ Cyber Space အတွင်းတစ်နေရာရာထဲ လွင့်မျောနေပေလိမ့်မည်။ ကျွန်တော်သည် ထိုအရာများကို ပြန်မရနိုင်တော့ပါ။

"ဟုတ်ပါသည်။ ကျွန်တော်သည် ခေတ်ပေါ်နည်းပညာတည်းဟူသော ကြောက်မက်ဖွယ်ရာ သတ္တဝါကြီး၏ ကံခေလှသော သားကောင်တစ်ကောင်ဖြစ်ခဲ့ရပါပြီ မဟုတ်ပါလား"

သို့သော် နောက်ပိုင်းတွင် သောမတ်အက်ဒီဆင်၏ အလားတူ နှလုံးကြေကွဲဖွယ်ရာ အဖြစ်ဆိုးအကြောင်း ကျွန်တော်၏ စိတ်ထဲသို့ ဝင်ရောက်လာပါသည်။ သူ၏အလုပ်ရုံသည် မီးလောင်ခံရပြီး လပေါင်းများစွာ နှစ်ပေါင်းများစွာ (၁၀)စုနှစ်ပေါင်းများစွာ ကြိုးစားလုပ်ကိုင်ခဲ့သော မပြီးဆုံးသေးသည့် တီထွင်မှုအတော်များများသည် မီးခိုးငွေ့ထဲတွင် ပျောက်ကွယ်သွားခဲ့ပါသည်။ "ငါ့အမှားတွေအားလုံး မီးထဲပါသွားပြီ"ဟု သူက အံ့သြဖွယ်ရာ ရွှင်လန်းတက်ကြွခြင်းဖြင့်ပြောပြီး သူသည် လုပ်ငန်းခွင်းကို ချက်ခြင်းပြန်၍ ဝင်ခဲ့ပါသည်။

ကျွန်တော်သည် သောမတ်အက်ဒီဆင်ကဲ့သို့ သတ္တိရှိစွာဖြင့် လုပ်ငန်းကို ဆက်လုပ်ရန် စိတ်နှလုံးထဲ ခွန်အားမှ ရှိပါသေးရဲ့လားဟု တွေးတောနေမိပါသည်။ မည်သို့ဆိုစေ ဤအရာများကို တွေးတောဆင်ခြင်ခြင်းသည် ဝေဒနာကို သက်သာစေပြီး ရှုံးနိမ့်မှုကြောင့်ဖြစ်သည့် မကြည်မလင်ဖြစ်နေသော စိတ်ခံစားမှုကို ပျောက်ကွယ်သွားစေပါသည်။ စိတ်ပျက်စရာအမှု၌ ဒူးထောက်ကျခဲ့ရခြင်းမှ ပြန်ထရန် ကျွန်တော်သည် ရုန်းကန်ခဲ့ရပြီး နှုတ်ခမ်းထောင့်များမှ မချိတင်ကဲ ပြုံးနိုင်ရန် ကြိုးစားခဲ့ပါသည်။

အိုး. . . ဘဝမှာ တစ်ချို့အရာတွေဟာ လုံးဝ တရားမျှတမှု မရှိပါလား။ ဒါပေမယ့် ရှုံးနိမ့်ခြင်းကို ကျွန်တော့်အပေါ်မှာ စိုးမိုးခွင့် မပေးသလို ကျွန်တော့်ရဲ့ အနာဂတ် အောင်မြင်မှုတွေမှာလည်း ၎င်းကို ဘာမျှ ပြောဆိုခွင့်မပြုပါ။ ဤအခြေအနေသည် ကျွန်တော်၏ ဘဝဇာတ်လမ်း နိဂုံးမဟုတ်ဘဲ မဖွင့်ဟရသေးသော ကျန်ရှိသည့် ဘဝ၏ ပထမဆုံး မြင်ကွင်းအဖြစ် ကြည့်မြင်နိုင်ရန် ကျွန်ုပ် ဆုံးဖြတ်ချက် ချခဲ့ပါသည်။

ဤသည်မှာ ခြေဖျက်ခြင်းခံရသည့်နေ့မှစ၍ ကျွန်တော်၏ ပထမဆုံး ကြိုးပမ်းရေးသားချက်ပင်ဖြစ်ပါသည်။ "ကျွန်တော့်အမှားတွေအားလုံး ပါသွားပြီ၊ ကျွန်တော် ထာဝရလက်မလျှော့ဘူး။ ကလောင်တံကို ချထားမှာမဟုတ်ဘူး"ဟု ပြောဆိုရင်း ကျွန်တော်သည် တဖန်ပြန်စတင်ဖို့ ကလောင်တံကို စတင်ကောက်ကိုင်ခဲ့ပါသည်။

အားလုံးပြီးသွားပါပြီ။

မိတ္တူဖိုင်များ၊ ကွန်ပြူတာ Disc များဖြင့် အားလုံးက အသစ်ဖြစ်သွားပါပြီ။

**ကျွန်ုပ်သည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကမ္ဘာကြီးက ပြောဆိုနေသော အောင်မြင်မှုဟူသည့်အရာဖြင့် ပျော်ရွှင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားပြီး တစ်စုံတစ်ဦးက သင့်အောင်မြင်မှု၏ လျှို့ဝှက်ချက်သည် အဘယ်နည်းဟု မေးလာခဲ့လျှင် ကျွန်ုပ်ပြန်ပြောမည်မှာ "ကျွန်ုပ်လဲသောအခါ ပြန်ထသည်"ဟူ၍ ဖြစ်ပါသည်။**

- Paul Harvey

"ငါဆက်မလုပ်နိုင်တော့ဘူး၊ ငါဆက်မလုပ်နိုင်တော့ဘူး" ဟု အကြိမ်တစ်ရာ၏ ထက်ဝက်တိတိငိုကြွေးခဲ့ပြီး အကြိမ်တစ်ရာ၏ ထက်ဝက်တိတိ ငိုကြွေးခြင်းကိုရပ်ဆိုင်းပြီး ဆက်လုပ်နိုင်ခဲ့ပါသည်။
ကျွန်ုပ်အဘယ်ကြောင့် ထိုသို့ လုပ်နိုင်သနည်းဟု သင်မေးမည်ဆိုလျှင် လက်ခံနိုင်ချေရှိသည်ဟု မထင်ရသော်လည်း ကျွန်ုပ်ဆက်လုပ်နိုင်ခဲ့ခြင်းမှာ ဘုရားသခင်ကြောင့်သာဖြစ်သည်ဟု ဖြေပါမည်။ Jane Merchant

ကျွန်ုပ်တို့၏ အကြီးမားဆုံးဂုဏ်ယူဖွယ်ရာမှာ တစ်ခါမျှ မကျဆုံးခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့ လဲကျသည့်အခါတိုင်း ပြန်ထနိုင်ခြင်းပင်ဖြစ်သည်။

Ralph Waldo Emerson